SYCB မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
STUDENTS & YOUTH CONGRESS OF BURMA
P.O Box 123, Mae Sod, Tak, 63110, Thailand, Email - sycbcongress@gmail.com

# (၄၈)နှစ်မြောက် '**ကချင်အမျိုးသားတော်လှန်ရေးနေ့**'သို့ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက် မှ ပေးပို့သည့် သဝဏ်လွှာ

၂၀၀၉ ခု ဖေဖော်ဝါရီလ (၅)ရက် သည် (၄၈) နှစ်ပြည့်သော ကချင်အမျိုးသားတော်လှန်ရေးနေ့ ဖြစ်သည်။ ထိုနေ့တွင် သမိုင်းအစဉ်အလာကြီးမားသော ကချင်အမျိုးသားတို့က အမျိုးသားတန်းတူအခွင့်အရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးအတွက် တိုက်ပွဲဝင်ကျဆုံးသွားခဲ့သော အာဇာနည်အပေါင်းအား အောက်မေ့ကာ ဦးညွှတ်ဂါဝရပြုပြုအပ်ပါသည်။

၁၉၉၀ ခုနှစ်ဝန်းကျင်ကာလမှစတင်၍ ကချင်လက်နက်ကိုင်အဖွဲ့အစည်းများ ပြည်တွင်းငြိမ်းချမ်းရေးကိုရှုမျှော်၍ နအဖ စစ်အစိုးရနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှု အသီးသီးကိုပြုလုပ်ခဲ့ကြသည်။ သို့သော် ယနေ့ အပစ်အခတ်ရပ်စဲရေး ထားသည့်နှစ်ပေါင်း (၂၀) ကာလတိုင်အောင် နအဖ စစ်အစိုးရက ကချင်အပစ်အခတ်ရပ်အဖွဲ့အစည်းများနှင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခြင်းလုံးဝမရှိပါ။

နအဖစစ်အစိုးရက ၄င်းတို့ စိတ်ကြိုက်ရေးဆွဲထားသောလမ်းပြမြေပုံ(၇)ချက် ကိုတရွတ်တိုက်ပြုနေခြင်း၏ ရလဒ်ကား ကချင်လူထုသည် ပိုမိုကြပ်တည်းသောစီးပွားရေး၊ လူမှုရေးပြဿနာအခက်အခဲမျိုးမျိုးကို နေ့စဉ်နှင့်အမျှသာ ရင်ဆိုင်နေရသည်။ ကချင်ဒေသခံလူထု၏ ဆန္ဒသဘောထားကိုမပါရှိဘဲ ချမှတ်သော နအဖ စစ်အုပ်စု၏ မှားယွင်းသည့် ပေါ်လစီများကြောင့် ဖြစ်ပေါ်လာသောဆိုးရွားသည့် အကျိုးအဆက်များကို လူထုမှာ ခါးသည်းစွာ ခံစားကြရသည်။

ထို့အပြင် နအဖ စစ်အစိုးရသည် အပစ်အခတ်ရပ်စဲရေးသဘောတူညီမှုအချက်များအား အကြိမ်ကြိမ်မကြာခဏ ချိုးဖေါက်ခြင်း၊ တိုင်းရင်းသားအင်အားစုနှင့် ဒီမိုကရေစီအင်အားစုများ၏တောင်းဆိုချက်များကိုငြင်းဆန်ကာ နည်းလမ်းအမျိုးမျိုးသုံး၍ အလုံးစုံအမြစ်ပြတ်ချေမှုန်းခြင်း၊ မတရား ဖမ်းဆီးထောင်ချ၍နယ်အဝေးသို့ပို့ဆောင်ခြင်းဖြင့် စစ်အာဏာရှင်စံနစ် အစွန့်ရှည်ခိုင်မြဲရေး နှင့်တရားဝင်ဖြစ်စေရေးအတွက်သာကြိုးပမ်းနေပါသည်။

ထို့ကြောင့် (၄၈) နှစ်မြောက်ကချင်အမျိုးသားတော်လှန်ရေးနေ့တွင်အတုအယောင် အမျိုးသားညီလာခံမှ ထွက်ပေါ်လာသောဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ရွေးကောက်ပွဲများသည်စစ်အာဏာရှင်စံနစ် တရားဝင်ဖြစ်ရေးသာဖြစ်ကြောင်းနှင့် ကချင်လူထုအတွက် ဒီမိုကရေအခွင့်အရေးနှင့် အမျိုးသားတန်းတူခွင့်ကို အပြည့်အဝ အာမမခံနိုင်သောကြောင့် စစ်အာဏာရှင် စနစ်ဖျက်သိမ်းရေး၊ စစ်မှန်သည့် ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် ရရှိရေးတို့အတွက် ကချင်အမျိုးသားထုတစ်ရပ်လုံးနှင့်အတူ မိမိတို့ မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ကရက်မှ လက်တွဲဆောင်ရွက်သွားမည် ဖြစ်ကြောင်းကို ဤသဝဏ်လွှာနှင့်အတူ အဓိဌာန်ပြုလိုက်ပါသည်။

မြန်မာနိုင်ငံကျောင်းသားလူငယ်များကွန်ဂရက်
ရက်စွဲ။ ။ ၅၊ ဖေဖေါ်ဝါရီလ၊ ၂၀၀၉